**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

## ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဥက္ကဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးက (၇၀)နှစ်မြောက် ကရင်အမျိုးသား အာဇာနည်နေ့သို့ ပေးပို့သော သဝဏ်လွှာ

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ၊ (၁၂) ရက်

**ကရင့်အမျိုးသားအပေါင်းတို့**

ယနေ့၂၀၂၀ခုနှစ်ဩဂုတ်လ(၁၂)ရက်နေ့သည်(၇၀)နှစ်မြောက်ကရင့်အမျိုးသားအာဇာနည်နေ့ဖြစ်ပါသည်။ဤနေ့သည် ကရင့်အမျိုးသား ခေါင်းဆောင်ကြီး စောဘဦးကြီးနှင့် တကွ ကရင့်အမျိုးသားခေါင်းဆောင်များ၊ရဲဘော်၊ပြည်သူလူထု၊ကရင့်အမျိုးသား အာ ဇာနည်များကိုသတိရအောက်မေ့ဂုဏ်ပြုသောနေ့ဖြစ်ပါသည်။ယနေ့ ကျရောက်သော ကရင့်အမျိုးသား အာဇာနည်နေ့မှာ ကရင့်အမျိုးသားများနှင့်တကွ တိုင်းရင်းသား ပြည်သူလူထု တရပ်လုံး ငြိမ်းချမ်းသာယာဝပြောပြီး ဘေးဒုက္ခ အပေါင်းမှ ကင်းဝေးကြပါစေကြောင်း မေတ္တာပို့ ဆန္ဒပြုအပ်ပါသည်။

ဤနေ့သည်ကရင့်အမျိုးသားများတို့အတွက်ဝမ်းနည်းကြေးကွဲဘွယ်ရာနေ့တစ်နေ့ဖြစ်သည်နှင့်အတူကရင်အမျိုးသားများ၊ကရင့်အမျိုးသားအာဇာနည်များနှင့်သက်ဆိုင်သူများအားလုံးတို့သည်အာဇာနည်များ၏ပေးဆပ်စွန့်လွှတ်မှုများကြောင့်ကရင်လူမျိုးတို့သည်ယနေ့ထက်ထိတိုင်လူမျိုးတစ်မျိုးအနေဖြင့်ရှင်သန်ရပ်တည် နေနိုင်ခြင်းအပေါ် အသိအမှတ်ပြု ဂုဏ်ယူခဲ့ကြရသည်။ဤကရင့်အမျိုးသားအာဇာနည်နေ့သည်၁၉၅၀ ခုနှစ်၊ဩဂုတ်လ(၁၂)ရက်နေ့တွင်အသက်ပေးအပ်စွန့်လွှတ်သွားခဲ့ကြသောကော်ခိုစောဘဦးကြီးနှင့်အတူ ရဲဘော်ရဲဘက်များကို အစွဲပြု၍ သတ်မှတ်ခဲ့ကြသောနေ့ဖြစ်ပါသည်။

အာဇာနည်ဆိုသည်မှာ မိမိတို့၏ ယုံကြည်ချက်နှင့်ရည်မှန်းချက်အပေါ် မားမားမတ်မတ်ရပ်တည်ပြီး ထိုယုံကြည်ချက်နှင့်ရည်မှန်းချက်ပြီးပြည့်စုံစေရန်အသက်ကိုပါ ပေးဆပ်စွန့်လွှတ်သူများကိုဆိုလိုပါသည်။ ထိုနည်းတူစွာမိမိတို့ကရင့်အမျိုးသာအာဇာနည်များသည်လည်းသူတို့၏ယုံကြည်ချက်နှင့်ရည်မှန်းချက်များပြီးမြောက်အောင်မြင်နိုင်ရန်လူ့လောကတွင်အသက်ရှင်နေထိုင်နိုင်ရေးအတွက်တန်ဘိုးအရှိဆုံးသောရင်းတို့၏အသက်ကိုပင်ပေးဆပ်စွန့်လွှတ်ခဲ့ကြပါသည်။၎င်းတို့၏ ကိုယ်ကျိုးစွန့် အနစ်နာခံမှုများသည် ကရင့်အမျိုးသားများ လူမျိုးတစ်မျိုးအနေဖြင့် ရှင်သန်ရပ်တည်နိုင်ရန်ဖြစ်သည်။

ကရင့်အမျိုးသားသမိုင်းစဉ်တစ်လျှောက်နှင့်လက်နက်ကိုင်တော်လှန်ရေးကာလအတွင်းမရေတွက်နိုင်သော မျိုးချစ် ကရင်အမျိုးသားများစွာတို့သည် ၎င်းတို့၏ ကိုယ်လက်အင်္ဂါများ၊အသက်သွေးချွေးများနှင့် စည်းစိမ်ဥစ္စာများကိုပေးဆပ်ခဲ့ကြရသည်။သူတို့သည်မည်သည့်အဖိုးအခနှင့်ငွေကြေးကိုမျှမျှော်မှန်းပြီးပေးဆပ်လုပ်ဆောင်ခဲ့ကြခြင်း မဟုတ်ပေ။မည်သို့သောဂုဏ်ပြုမှုကိုမျှမျှော်မှန်းခြင်းမရှိခဲ့ပေ။၎င်းတို့မိသားစုများအတွက် မည်သည့်အခွင့်ထူးကိုမျှ မမျှော်မှန်းခဲ့ကြပေ။အာဇာနည်များ၏ အသက်ပေးဆပ် စွန့်လွှတ်မှုများသည်မိမိတို့ကရင်အမျိုးသား များအဖိနှိပ်ခံဘဝနှင့်စိုးရိမ်ကြောက်လန့်မှုအမျိုးမျိုးမှကင်းဝေးကာငြိမ်းချမ်းပြီး သာယာဝပြောသော ဘဝအသက်တာကို ရရှိပိုင်ဆိုင်နိုင်စေရန်နှင့် လူမျိုးတစ်မျိုးအဖြစ် အစဉ် ရှင်သန်တိုးတက်စေနိုင်ရေးအတွက်သာဖြစ်ပါသည်။

မိမိတို့ကရင်အမျိုးသားများသည်လူမျိုးတစ်မျိုး၏ဝိသေသလက္ခဏာရပ်များဖြစ်သောစာပေ၊စကား၊ ရိုးရာယဉ်ကျေးမှု၊ဓလေ့ထုံးတမ်းစဉ်လာများနှင့်ပြည့်စုံသည့်လူမျိုးတစ်မျိုးဖြစ်ပါသည်။မိမိတို့အမျိုးသားများ၏ ဝိသေသလက္ခဏာရပ်များ ကရင့်အမျိုးသားတိုင်း၏ စိတ်နှလုံးတွင်ရှင်သန်ရပ်တည်ကာမိမိတို့၏နေ့စဉ်အသက်ရှင်နေထိုင်မှုတွင်လက်တွေ့ကျင့်သုံးပြီးကရင့်အမျိုးသားများ၏ဂုဏ်အင်္ဂါလက္ခဏာရပ်များကိုထိန်းသိမ်းမြှင့်တင်ရန်လိုအပ်ပါသည်။ထို့အပြင်မိမိတို့အမျိုးသား၏ဂုဏ်အင်္ဂါလက္ခဏာရပ်များနှင့်အတူရှင်သန်ပြီး ဖွံ့ဖြိုးတိုးတက် နိုင်ရန်အတွက် မိမိတို့ နေထိုင်သည့် နိုင်ငံတွင်လည်းလွတ်လပ်မှု၊တန်းတူမှုနှင့်ကိုယ်ပိုင်ပြဌာန်းခွင့်အခွင့်အရေးများရန်ရှိရန်လိုအပ်ပါသည်။ထိုအခွင့်ရေးများသည်နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အတိအလင်းရေးဆွဲပြဌာန်းပြီး ဥပဒေကြောင်းအရ အာမခံ ချက်အပြည့်အဝရှိရန်ဆောင်ရွက်ရမည်။မိမိတို့အမျိုးသားများ၏လွတ်လပ်မှု၊တန်းတူမှုနှင့်ကိုယ်ပိုင်ပြဌာန်းခွင့်အခွင့်အရေးများရရှိရေးအတွက်ကြိုးပမ်းဆောင်ရွက်မှုများသည်ကရင့်အာဇာနည်များ၏ရည်မှန်းချက်နှင့်ပေးဆပ်စွန့်လွှတ်မှုအမိပ္ပါယ်ကို ပြီးပြည့်စုံစေရန်အတွက် ကြိုးပမ်းအားထုတ်မှုများဖြစ်ပါသည်။

မိမိတို့ကရင့်အမျိုးသားများ၏မျှော်မှန်းချက်ပြီးမြောက်အောင်မြင်ရေးအတွက်ကြိုးပမ်းအားထုတ်ရာတွင်ဖြစ်ပေါ်တိုးတက်ပြောင်းလဲသောနိုင်ငံရေးအခြေအနေအရပ်ရပ်နှင့်အညီလုပ်ငန်းလမ်းစဉ်နှင့်အစီအစဉ်များကိုချမှတ်အကောင်အထည်ဖေါ်ခဲ့ကြသည်။အချိန်ကာလနစ်ပေါင်းများစွာလက်နက်ကိုင်နည်းလမ်းဖြင့်ဆောင်ရွက်ခဲ့ရပြီးတန်ဘိုးကြီးမားစွာပေးဆပ်ခဲ့ကြရပါသည်။လက်ရှိအချိန်တွင်ဖြစ်ပေါ်ပြောင်းလဲလာသောနိုင်ငံရေးအခြေအနေနှင့်လမ်းစပွင့်လာသည့်အပေါ်လက်နက်ကိုင်တိုက်ပွဲနည်းလမ်းများကိုရပ်ဆိုင်းပြီးနိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက်အခြားသောတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများတို့နှင့်အတူတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ကြပါသည်။နိုင်ငံရေးနည်းအရတွေ့ဆုံဆွေးနွေးမှုနည်းလမ်းဖြင့်ကြိုးပမ်းဆောင်ရွက်ရာတွင်စိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်ကျော်လွှာ သွားရမည်ဖြစ်သည်။ဤသို့ဆောင်ရွက်ရာတွင်မိမိတို့အနေဖြင့်စိတ်ရှည်သည်းခံပြီး မဆုတ်မနစ်၊အားကြိုးမာန်တက်ဖြင့် အစွမ်းကုန် ကြိုးစားအဖြေရှာကြရမည်ဖြစ်ပါသည်။ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ ရေးရှုပြီး ပြီးမြောက်အောင်မြင်သည်အထိဦးလည်မသုန်ကြိုးစားအားထုတ်ဆောင်ရွက်ကြရပါမည်။လက်နက်ကိုင်ခုခံတော်လှန်ရေးကာလအတွင်းစည်းစည်းလုံးလုံးဖြင့်အတူတကွ ပူးပေါင်းကြိုးပမ်းအားထုတ်ခဲ့ကြသည့် နည်းတူ နိုင်ငံရေးနည်းအရဆောင်ရွက်ရာတွင်လည်းစည်း

လုံးညီညွတ်စွာဖြင့်ပူးပေါင်း ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန်လိုအပ်ပါသည်။

ကရင့်အမျိုးသားများ၏ ရည်မှန်းချက်ပန်းတိုင်များပြီးမြောက်အောင်မြင်ရေးအတွက်ကြိုးပမ်းမှုတွင်ခေတ်အဆက်ဆက်ကမိမိတို့ကရင်အမျိုးသားခေါင်းဆောင်များ၊တပ်ဗိုလ်တပ်မှူးများ၊ခေါင်းဆောင်များနှင့်ကရင်အမျိုးသားထုတစ်ရပ်လုံးသည်မိမိတို့ ကျရာအခန်းကဏ္ဍအလိုက် ၊ဒေသအလိုက်၊အဆင့်အလိုက်အသီးသီးတာဝန်ယူကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ကရင့်အမျိုးသားများ၏ရည်မှန်းချက်များသည်လူတစ်ဦးတစ်ယောက်၊အစုအဖွဲ့တစ်ခုနှင့် နေရာဒေသတစ်ခုကသာချမှတ်ဆောင်ရွက်ရသောလုပ်ငန်းမဟုတ်ပေ။ကရင်အမျိုးသားတိုင်း၊အဖွဲ့အစည်းတိုင်းနှင့်နေရာဒေသတိုင်းမှာ ရှိသည့် ကရင်တစ်မျိုးသားလုံး၏ ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည်။ကရင့်အမျိုးသားအတွက်ကရင့်အာဇာနည်များ၏တာဝန်မှာကျေပြွန်ခဲ့ပါပြီ။ယခုအချိန်မှစ၍ကရင့်အမျိုးသားတို့၏မျှော်မှန်းချက်ကိုဖြည့်ဆည်းနိုင်ရန်အတွက်ယခုလက်ရှိအသက်ရှင်နေသောကရင်အမျိုးသားတို့၏လက်ဝယ်တွင်ရှိနေပါသည်။အနာဂါတ်ကရင်အမျိုးသားရေးကိုဆောင်ရွက်ရာတွင်မတူကွဲပြားသောအခြေအနေများ၊သဘောထားနှင့်အမြင်များကိုချန်လှပ်ကာတစ်ခုတည်းသောကရင့်အမျိုးသားအလံတော်အောက်တွင်စည်းလုံးညီညွတ်စွာဖြင့်မိမိတို့၏ကျရာအခန်းကဏ္ဍအလိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ပါသည်။အနာဂါတ်ကရင့်အမျိုးသားရေးအတွက်ဆောင်ရွက်ရာတွင်မိမိတို့အကြားမလိုတမာပြောဆိုမှုများ၊ပြစ်တင်ဝေဖန်မှုများနှင့်ပုတ်ခတ်ပြောဆိုမှုများကိုရှောင်ရှားပြီးကရင့်အမျိုးသားများ၏ လိုအင်ဆန္ဒများနှင့် ကရင့်အာဇာနည်များ၏ မျှော်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် အတူတကွ တစိုက်မတ်မတ် ဦးတည်ချီတက်ပြီး ပူးပေါင်းဆောင်ရွက်သွားကြရမည်။

ယနေ့တွင်  မိမိတို့ ကရင်အမျိုးသားတို့သည် နေရာဒေသအသီးသီးတွင် ကရင့်အာဇာနည်များကိုသတိရအောက်မေ့ ဂုဏ်ပြုသည့် အခမ်းအနားများကျင်းပကြမည်ဖြစ်ပါသည်။ ဤသတိတရအောက်မေ့ဂုဏ်ပြုသည့်အခမ်းအနားများသည်ပြည့်စုံလုံလောက်သောအောက်မေ့ဂုဏ်ပြုခြင်းမဟုတ်ပေ၊ဤသတိတရအောက်မေ့ဂုဏ်ပြုသည်အခမ်းအနားသည်ကရင့်အမျိုးသားအာဇာနည်များ၏မျှော်မှန်းချက်နှင့်စွန့်လွှတ်ပေးဆပ်မှုများ၏အဓိပ္ပါယ်များကိုပြီးမြောက်အောင်မြင်သည်အထိအကောင်အထည်ဖော်ဆောင်ရွက်သွားရန်သန္နိဋ္ဌာန်ချခြင်းအားဖြင့်ကရင့်အမျိုးသားအာဇာနည်များကိုကတိသစ္စာပြုရန်လိုအပ်ပါသည်။ကရင့်အမျိုးသားတိုင်း၊ကရင်လူမျိုးတိုင်း ရှင်သန်၍ ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်သော လူမျိုးတစ်မျိုး အဖြစ်ရပ်တည်နိုင်ရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည်။ဤကရင့်အာဇာနည်နေ့တွင်ကရင့်အာဇာနည်များအားဦးညွှတ်အလေးပြုပြီးကရင့်အာဇာနည်များ၏စွန့်လွှတ်ပေးဆပ်ခြင်းရည်မှန်းချက်များကိုပြီးမြောက်အောင်မြင်သည်အထိကြိုးပမ်းဆောင်ရွက်သွားကြရန်တိုက်တွန်းရင်းဤကရင့်အာဇာနည်နေ့တွင်ကရင်တစ်မျိုးသားလုံးအတွက်မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်။

ဥက္ကဌ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်